

# ဖွတ်မြည်းနဲ့ဖွတ်ကို ချည်ကြဖို့
# ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက်
# အမှတ် (၁/၂၀၀၈)
# (၂၈ – ၂ – ၂၀၀၈)

(၁) "ဆန္ဒခံယူပွဲ" ကို သန်းရွှေစစ်အုပ်စုက မတတ်သာလို့ လုပ်ရတာ ဖြစ်ပါတယ်။ ဒီအခွင့်အရေးကို လက်မလွှတ်ပါစေနဲ့။ စစ်အာဏာရှင်စနစ်သက်တမ်း (၄၆) နှစ်မှာ ဒီအခွင့်အရေးမျိုး (၂) ခါပဲ ရခဲ့တာ ဖြစ်ပါတယ်။ ပထမတခါတုန်းက နေဝင်းစစ်အုပ်စုကို ကျွန်တော်တို့ အလဲထိုးနိုင်တဲ့အခြေအနေ မရှိခဲ့ဘူး။ အခု သန်းရွှေစစ်အုပ်စုကို အလဲထိုးနိုင်တဲ့ အခြေအနေရှိနေပါပြီ။

(၂) နအဖ လုပ်နေပုံတွေ မတရားပါဘူး။ အတိုက်အခံတွေကို ဖမ်းထားတယ်။ '၅/၉၆ တင်းဘုတ်' နဲ့ ထုဖို့ ပြင်နေတယ်။ ပြည်တွင်းပြည်ပက ဆန္ဒခံယူပွဲကို စောင့်ကြည့်လေ့လာခွင့် မရှိဘူး။ 'ဆန္ဒခံယူပွဲ' လုပ်မယ့်ရက် မကြေညာဘဲထားပြီး သူတို့ တကောင်တည်း ပြေးနေတယ်။ လူထုကို ချည်ပြီးတုပ်ပြီး ပါးစပ်ပိတ် နားပိတ်ပြီး အနိုင်ယူဖို့ လုပ်နေတယ်။

ဒါပေမဲ့ 'ဖွတ်ကို ဖွတ်မြည်းနဲ့ ချည်တဲ့နည်း' ကျွန်တော်တို့ လူထုကြီးက လုပ်ရပါမယ်။

သူ့ဥပဒေမှာက 'ဆန္ဒခံယူပွဲ' ပျက်ပြားအောင်လုပ်ရင် ထောင် (၃) နှစ် ချမယ်ပဲ ပြောဝံ့တယ်။ 'ကန့်ကွက်မဲ' ပေးရင် အရေးယူမယ်လို့ မပြောဝံ့ဘူး။

ဒါကြောင့် – မဲရုံကိုသွား ကန့်ကွက်မဲပေးကြ။
– DASSK လွှတ်စေချင်သလား၊ မင်းကိုနိုင်လွှတ်စေချင်သလား၊ မဲရုံကိုသွားကန့်ကွက်မဲပေးကြ။
– ၁၉၉၀ လွှတ်တော်ခေါ်စေချင်သလား။
NLD အမတ်တွေ လွှတ်စေချင်သလား။
ပြည်ပရောက်တွေ ရင်ကော့ ပြန်လာစေချင်သလား။
မဲရုံကိုသွားကြ။ ကန့်ကွက်မဲပေးကြ။